
ဘာသာပြန် စာရေးဆရာ - Shanhtet
ငါက အရာရာသတိထားရင်း
အသန်မာဆုံးဖြစ်လာခဲ့တယ်
စာစဉ် – ၁၀၁

# အခန်း (၁၄၅၃)

## သွေးလနက္ခတ် (၉၃)

*

ဆဲလက်စ်မြို့ အရှေ့ပိုင်းရပ်ကွက်။

ထိုနေရာ၌ မိုးထိမျှော်စင်ကြီးတစ်ဆောင်ကို တည်ဆောက်နေခြင်းက လူအများအပြား၏ စိတ်ဝင်တစား စောင့်ကြည့်ခြင်းကို ခံနေရချေသည်။

အရှေ့ပိုင်းရပ်ကွက်ဟူသည်မှာ နိုင်ငံ၏ မြို့တော်အတွင်း စည်ကားဝပြောဆုံးသော အရပ်ဒေသဖြစ်ပေရာ ကြွယ်ဝချမ်းသာသူများနှင့် မှူးမတ်မျိုးနွယ်များ၊ အထက်တန်းလွှာ ပုဂ္ဂိုလ်ထူးများဖြင့် ပြည့်နှက်နေသော နေရာတစ်ခုပင်

ဖြစ်တော့သည်။

စည်ကားလှသော လမ်းမထက်ဝယ် အဖြူရောင်အခိုးအငွေ့များ ထုတ်လွှတ်လျက် ပိတ်ဆို့နေတတ်သော မော်တော်ကားများကို တွေ့ရခြင်းမှာလည်း ဤအရပ်၌ ထူးဆန်းသောအရာ မဟုတ်ပေ။

လမ်းဘေးတစ်လျှောက်၌လည်း တန်ဖိုးကြီး အဆောင်အယောင် အရောင်းဆိုင်များက မှိုလို ပေါ်များလှချေသည်။

သို့ဖြစ်ပေရာ အရှေ့ပိုင်းရပ်ကွက်ရှိ မြေတစ်လက်မမှာ ရွှေတစ်လက်မမျှ တန်ဖိုးရှိသည်ဟု ဆိုထိုက်ပေသည်။

ဤနေရာရှိ အိမ်ခြံမြေဈေးနှုန်းများမှာ တိုင်းပြည်အတွင်း အမြင့်မားဆုံး စာရင်းဝင်နေသည့်အပြင် အသစ်တည်ဆောက်ရန် မြေလွတ်ဟူ၍လည်း ခပ်ရှားရှားသာ ရှိတော့ရာ ဈေးနှုန်း

မှာ နဂိုထက်ပင် ပိုမိုကြီးမြင့်နေတော့သည်။

ဤသို့သော အခြေအနေမျိုးတွင် အရှေ့ပိုင်း ရပ်ကွက်အတွင်း အဆောက်အဦးအသစ် တစ်ခုခုပေါ်ပေါက်လာတိုင်း လူအများက အာရုံစိုက်ကြစမြဲဖြစ်ရာ ယခုကဲ့သို့ ခန့်ညား ထည်ဝါလှသော မျှော်စင်ကြီးတစ်ဆောင် တည်ဆောက်နေခြင်းမှာ ပို၍ပင် ပြောစမှတ်ပြု စရာ ဖြစ်နေပေတော့သည်။

ပြင်းထန်လှသော စပ်စုလိုစိတ်နှင့် အခြားသော အကြောင်းရင်းများကြောင့် ဒေသခံသြဇာတိက္ကမ ရှိသူ အများအပြားမှာ ၎င်းတို့၏ အဆက်အသွယ် များကို အသုံးပြုလျက် ဤမျှော်စင်ကြီး၏ ပိုင်ရှင် မှာ မည်သူနည်းဟု စုံစမ်းထောက်လှမ်းကြပေ သည်။

သို့သော်လည်း အတွင်းသတင်း အချို့ကို သိရှိ သွားကြသောအခါတွင်မူ ယင်းတို့အားလုံးသည်

နှုတ်ဆိတ်သွားကြပြီးလျှင် ပွဲလမ်းသဘင်များ၌ပင် ထိုအကြောင်းကို ထုတ်ဖော်ပြောကြားရန် မဝံ့မရဲ ဖြစ်ကုန်ကြတော့သည်။

ယင်းမှာ လူအများ မပြောဝံ့သော တားမြစ်ချက်တစ်ခုသဖွယ် ဖြစ်သွားခဲ့ရပေပြီ။

တစ်နေ့ထက်တစ်နေ့ အဖြူရောင်မျှော်စင်ကြီးမှာ တစ်ထပ်ပြီးတစ်ထပ် မြင့်တက်လာခဲ့ရာ ဆယ့်ခုနစ်ထပ်သို့ ရောက်ရှိသွားသောအခါမှသာ တည်ဆောက်မှု ပြီးမြောက်သွားတော့သည်။

ဤလုပ်ငန်းစဉ် တစ်ခုလုံးအတွက် တစ်နှစ်နီးပါးမျှ အချိန်ယူခဲ့ရချေသည်။ အင်ဗီယာနိုင်ငံ၏ မြို့တော်ဖြစ်သော ဆဲလက်စ်မြို့တွင် ဝိဇ္ဇာမျှော်စင်များ၊ အဂ္ဂိရတ်မျှော်စင်များနှင့် ဗိသုကာလက်ရာမြောက်သော အဆောက်အဦးများစွာ ရှိနေပေရာ ဆယ့်ခုနစ်ထပ်မျှသာရှိသော ဤအဖြူရောင်မျှော်စင်မှာ အထူးတလည်

ထင်ပေါ်နေခြင်းမျိုး မရှိလှပေ။

သို့သော်လည်း အရှေ့ပိုင်းရပ်ကွက်အတွင်း၌မူ ယင်းမှာ အလွန်တရာ တောက်ပလွန်းလှသော တည်ရှိမှုတစ်ခုပင် ဖြစ်တော့သည်။

လူအများက မျှော်စင်ပိုင်ရှင်နှင့် ပတ်သက်၍ အမျိုးမျိုး ထင်ကြေးပေးနေကြသော်လည်း အမှန်တကယ် သိရှိသူများကမူ နှုတ်ကို လုံအောင် ပိတ်ထားကြပေသည်။

စက်တင်ဘာလကုန်၏ မွန်းလွဲပိုင်း အချိန်တစ်ခုဝယ် ရှိနန်သည် အသစ်တည်ဆောက်ပြီးစီးသွားသော ဤအင်္ဂရတ်မျှော်စင်အတွင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။

နောင်အခါတွင်မူ ဤအဖြူရောင်မျှော်စင်သည် သွေးလနက္ခတ်နယ်မြေအတွင်း သူ၏ အရေးအကြီးဆုံးသော အခြေစိုက်စခန်းတစ်ခု ဖြစ်လာပေတော့မည်။

မူလက တော်ဝင်မိသားစုနှင့် အစိုးရအဖွဲ့တို့ချုပ်ဆိုထားသော သဘောတူညီချက်အရ ဆယ်ထပ်ထက်မနည်းသော မျှော်စင်တစ်ဆောင်သာ တည်ဆောက်ပေးရန် လိုအပ်ခြင်းဖြစ်သည်။

သို့သော်လည်း တော်ဝင်မိသားစု၏ လျှို့ဝှက်ရတနာတိုက်နှင့် ပတ်သက်သော ပြဿနာများကြောင့်သော်လည်းကောင်း၊ တစ်စုံတစ်ရာ မရိုးသားမှုများကြောင့်
စိတ်မလုံ၍သော်လည်းကောင်း တော်ဝင်မိသားစုသည် ဤအဂ္ဂိရတ်မျှော်စင်ကို ဆယ့်ခုနစ်ထပ်အထိ တိုးမြှင့်တည်ဆောက်ပေးရန် မိမိတို့အစီအစဉ်ဖြင့် ကမ်းလှမ်းခဲ့ခြင်း ဖြစ်ပေသည်။

အပိုဆောင်း ခုနစ်ထပ်မျှသာဖြစ်သည်ဟု မထင်မှတ်အပ်ပေ။ အမှန်တကယ် တည်ဆောက်စရိတ်မှာ သုံးဆ၊ လေးဆခန့် ပိုမိုကုန်ကျခဲ့ရခြင်းဖြစ်ချေသည်။

နောက်ပိုင်းရက်များတွင် ရိုနန်သည် အင်္ဂရိတ်မျှော်စင်၏ အတွင်းပိုင်းကို ပြန်လည်ပြင်ဆင်ခဲ့ပြီးလျှင် ငွေကြေးအမြောက်အမြား အကုန်အကျခံလျက် ကိုယ်တိုင်ပြုလုပ်သော အင်္ဂရိတ်ပစ္စည်းကိရိယာများကို တပ်ဆင်ကာ ဓာတ်ခွဲခန်းအကြီးစားတစ်ခုကို တည်ဆောက်ခဲ့လေသည်။

ဤအင်္ဂရိတ်ဓာတ်ခွဲခန်း၏ အဆင့်အတန်းမှာ ဤလောကတွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေသည်မှာ သေချာလှပေသည်။

အဆောက်အဦးနှင့် ပတ်သက်သော လိုအပ်ချက်များ ပြည့်စုံသွားသောအခါ ရိုနန်သည် အင်္ဂရိတ်ပညာရပ်အပေါ် ပိုမိုနက်ရှိုင်းသော သုတေသနနှင့် စူးစမ်းရှာဖွေမှုများကို စတင်ခဲ့တော့သည်။

သူ၏ သုတေသနမှာ အထူးလက်နက် ကိရိယာများအပေါ်၌သာ ကန့်သတ်မထားတော့ဘဲ

ဆေးရည်ပညာရပ်ဘက်သို့ပါ နယ်ပယ်ချဲ့ထွင်လာခဲ့ချေသည်။

ဤအရာအားလုံးမှာ ရိုနန်အနေဖြင့် ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေခြင်းလည်း ဖြစ်ပေသည်။

သူ၏ သွေးလနက္ခတ်နယ်မြေအတွင်းရှိ တာဝန်မှာ အမှန်စင်စစ် ပြီးမြောက်နေခဲ့ပြီဖြစ်ပြီး ရရှိသော ဆုလာဘ်များမှာလည်း မျှော်လင့်ထားသည်ထက် များစွာ သာလွန်နေခဲ့ပြီ ဖြစ်ရာ လိုအပ်ပါက ဟောက်ထျန်းနယ်မြေသို့ အချိန်မရွေး ပြန်နိုင်ပြီ ဖြစ်သည်။

သို့သော်ငြားလည်း ဤအခြေအနေထိ ရောက်ရှိလာခဲ့ပြီးမှ ဤမျှ ကြီးမားလှသော အကျိုးအမြတ်ကို ရိုနန်အနေဖြင့် မည်သို့ လက်လွှတ်နိုင်ပါမည်နည်း။

သွေးလနက္ခတ်နယ်မြေသည် ကမ္ဘာငယ်လေး

တစ်ခုမျှသာ ဖြစ်သော်လည်း ကြီးမားသော အလားအလာများ ရှိနေပေရာ အဆုံးမရှိသော သိုးမွေးများကို ရယူနိုင်သည့် ဝဖြိုးလှသော သိုးအုပ်ကြီးသဖွယ် ဖြစ်နေတော့သည်။

ထို့ကြောင့် ရိုနန်သည် ဤလောကတွင်လည်း သူ၏ ကိုယ်ပွားတစ်ခုကို တည်ဆောက်ရန် ဆုံးဖြတ်ခဲ့လေသည်။

အမှန်စင်စစ် ရိုနန်အတွက်မူ ကိုယ်ပွား တည်ဆောက်ရန်မှာ ခက်ခဲသောကိစ္စ မဟုတ်တော့ဘဲ အရင်းအမြစ် မည်မျှ ရင်းနှီးမြှုပ်နှံမည်ဟူသော အချက်အပေါ်၌သာ မူတည်တော့သည်။

ကိုယ်ပွားတည်ဆောက်မှု အောင်မြင်ပြီးသောအခါမှသာ စိတ်ဝိညာဉ်အမှတ်အသားကို ထည့်သွင်းရန် လိုအပ်မည်ဖြစ်ရာ ယင်းမှာ အကြီးမားဆုံးသော အခက်အခဲပင် ဖြစ်တော့သည်။

စန်းချင်းနယ်မြေနှင့် နက္ခတ်တာရာ ပင်လယ်ပြင်တို့တွင် ရှိနန်၍ ကိုယ်ပွားနှစ်ခု ရှိနှင့်နေပြီးဖြစ်ရာ သူ၏ စိတ်ဝိညာဉ်အသိဉာဏ်ကို အကန့်အသတ်မရှိ ခွဲထုတ်နိုင်စွမ်း မရှိချေ။

ဤတစ်ကြိမ်မှာ နောက်ဆုံးအကြိမ် ဖြစ်တန်ရာ၏။ နောက်ဆုံးအကြိမ် ဖြစ်သည့် အားလျော်စွာ မိမိ၏ မူလဝိညာဉ်ကို ထိခိုက်ပျက်စီးစေပြီး တာအိုလမ်းစဉ်၏ အခြေခံကို မထိခိုက်စေရန် အလွန်တရာ သတိကြီးစွာ ထားရပေမည်။

သို့မဟုတ်ပါက အကျိုးထက် အပြစ်က ပိုမိုကြီးမားသွားပေလိမ့်မည်။

အချိန်သည် မြားတစ်စင်းကဲ့သို့ လျင်မြန်စွာ ကုန်ဆုံးသွားခဲ့ရာ ခဏချင်းအတွင်းမှာပင် ရှိနန်သွေးလနက္ခတ်နယ်မြေသို့ ရောက်ရှိလာခဲ့သည်မှာ ငါးနှစ်ပင် ပြည့်ခဲ့ပြီ ဖြစ်သည်။

ယနေ့တွင် ရိုနန်သည် ဒယ်လိုရက်စ်နှင့် ဂျန်းနစ်တို့ကို ခေါ်ယူခဲ့လေသည်။ ဂျန်းနစ် တိုရန်မှာ ယခုအခါ ဆယ်နှစ်အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ပြည့်စုံကောင်းမွန်လှသော အာဟာရများကြောင့် ရိုနန်နှင့် စတင်တွေ့ဆုံချိန်နှင့်စာလျှင် သူမသည် သိသိသာသာ ထွားကျိုင်းလာခဲ့ပြီး လျှင် လှပသော မိန်းကလေးတစ်ဦး၏ အသွင်အပြင်များ ပေါ်လွင်နေခဲ့ပြီ ဖြစ်သည်။

ဒယ်လိုရက်စ်မှာမူ ပိုမိုရင့်ကျက်လျက် ဆွဲဆောင်မှုရှိသော အလှတရားများ ပိုင်ဆိုင်နေခဲ့ပြီ ဖြစ်သည်။ ယင်းတို့နှစ်ဦးစလုံးမှာ ရိုနန်နှင့် အမြဲတစေ အတူရှိနေခဲ့ကြရာ မိသားစုဝင်များကဲ့သို့ပင် ဖြစ်နေကြချေပြီ။

"ဒါကို သောက်လိုက်ကြ"

ရိုနန်သည် ၎င်းတို့နှစ်ဦးအား ဆေးရည်တစ်ပုဒ်

စီ ပေးလိုက်လေသည်။ ဆေးရည်မှာ ဖန်ပုလင်းငယ်အတွင်း၌ ရှိနေပြီးလျှင် အလွန်တရာ လှပဆန်းကြယ်သော နှင်းဆီရွှေရောင် အဆင်းရှိပေသည်။

ယင်းတို့ ရရှိသော ဆေးရည်များမှာ တူညီသော်လည်း ပမာဏမှာမူ တစ်ဝက်ခန့် ကွာခြားပေသည်။

ဒယ်လိုရက်စ်နှင့် ဂျန်းနစ်တို့သည် တစ်ချက်မျှပင် တွန့်ဆုတ်မနေဘဲ ဖန်ပုလင်းငယ်အတွင်းရှိ ဆေးရည်များကို တစ်ကျိုက်တည်း သောက်ချလိုက်ကြလေသည်။

၎င်းတို့သည် ရိုနန်အပေါ် အဆုံးမရှိ ယုံကြည်ကြသူများ ဖြစ်ပေရာ ယင်းမှာ အဆိပ်ပင် ဖြစ်နေပါစေဦးတော့၊ လက်ကျန်မရှိအောင် သောက်ကြမည့်သူများ ဖြစ်ကြပေသည်။

ဆေးရည်ကို သောက်လိုက်သည့် ခဏမှာပင်

၎င်းတို့၏ မျက်နှာများမှာ လျင်မြန်စွာ နီမြန်းလာခဲ့ပြီးလျှင် နဖူးထက်၌ ချွေးစက်များ စိမ့်ထွက်လာခဲ့ချေသည်။

တစ်ပြိုင်နက်တည်းမှာပင် နာကျင်လှသော အမူအရာများလည်း ပေါ်ပေါက်လာခဲ့လေသည်။

ရိုနန်က အသံခပ်နက်နက်ဖြင့် "ဒါက ငါကိုယ်တိုင် ဖော်စပ်ထားတဲ့ နဂါးနီဆေးရည်ပဲ။ ဒါက မင်းတို့ရဲ့ ခန္ဓာကိုယ်ကို အကြီးအကျယ် မြှင့်တင်ပေးနိုင်ရုံတင်မကဘဲ အထူးစွမ်းအားတွေကိုပါ နိုးထလာစေမှာ ဖြစ်လို့ မင်းတို့ အောင့်ထားကြရမယ်" ဟု ဆိုလေသည်။

နဂါးနီဆေးရည်မှာ ဒယ်လိုရက်စ်နှင့် ဂျန်းနစ်တို့အတွက် ရိုနန် အထူးတလည် ဖော်စပ်ထားသော ဆေးရည်ဖြစ်ပေသည်။

ယင်းကို နဂါးနီကြီး ဂရီဂိုရီ၏ သွေးကို အဓိက အခြေခံပစ္စည်းအဖြစ် အသုံးပြုထားပြီးလျှင် ရို

နန်၏ မရေမတွက်နိုင်သော စမ်းသပ်မှုများနှင့် ပြင်ဆင်မှုများ ပြုလုပ်ပြီးမှသာ ယခုအခါ အောင်မြင်စွာ ဖော်စပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဒယ်လိုရက်စ်နှင့် ဂျန်းနစ်တို့မှာ အထူးစွမ်းအား ပါရမီမရှိသော သာမန်လူများသာ ဖြစ်ကြပေသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ရိုနန်က ပြင်ဆင်ပြီးလျှင် သင်ကြားပေးခဲ့သော ကိုယ်ခံပညာနှင့် အသက်ရှူခြင်း ပညာရပ်များမှာလည်း ၎င်းတို့၏ စွမ်းအားများကို နိုးထလာစေရန် မတတ်နိုင်ခဲ့ချေ။

ထို့ကြောင့် သူသည် အဂ္ဂိရတ်ဆေးရည်များအပေါ်၌သာ မျှော်လင့်ချက် ထားခဲ့ခြင်း ဖြစ်ပေသည်။ ရိုနန်၏ စကားကို ကြားသောအခါ ဒယ်လိုရက်စ်နှင့် ဂျန်းနစ်တို့သည် ပြိုင်တူခေါင်းညိတ်ပြကြပြီးလျှင် ဆေးရည်၏ စွမ်းအားကြောင့် ဖြစ်ပေါ်လာသော နာကျင်မှုကို

စိတ်ဓာတ်ခွန်အားဖြင့် အံတုရင်ဆိုင်ကြလေသည်။

"အာ..."

ဤသို့ ခံနိုင်ရည်ကို စမ်းသပ်နေခြင်းမှာ မိနစ်အနည်းငယ်မျှ ကြာမြင့်ခဲ့ပြီးနောက် ဆယ်နှစ်အရွယ် ဂျန်းနစ်မှာ ဆက်လက် မတောင့်ခံနိုင်တော့ဘဲ မီးလျှံအသက်ရှူသံတစ်ချက်ကို မှုတ်ထုတ်လိုက်လေသည်။

ထိုနောက်တွင်မူ အဝတ်အစားများ စုတ်ပြဲသွားသော အသံတစ်သံသည် စူးရှစွာ ထွက်ပေါ်လာခဲ့ပြီးလျှင် ဒယ်လိုရက်စ်၏ လက်မောင်းများ၊ ခါး၊ ဝမ်းဗိုက်နှင့် ခြေထောက်များတွင် ကြွက်သားများ ဖောင်းတက်လာကာ အရေပြားမျက်နှာပြင်ထက်၌ နက်မှောင်သော အနီရောင် နဂါးအကြေးခွံများ ပေါ်ထွက်လာခဲ့ပြီးလျှင် နဂါးအသွင် ပြောင်းလဲလာသော လက္ခဏာများ ပြသ

လာချေသည်။

ဤမြင်ကွင်းကို မြင်ရသောအခါ ရိုနန်၏ မျက်လုံးများမှာ တောက်ပသွားတော့သည်။

အောင်မြင်လေပြီ။ မည်သို့မျှ သံသယဖြစ်ဖွယ် မရှိချေ။

ရိုနန် အကြိမ်ပေါင်း ထောင်ချီ၍ ပြုပြင်ဖော်စပ် ထားသော နဂါးနီဆေးရည်သည် ဒယ်လိုရက်စ် နှင့် ဂျန်းနစ်တို့၏ ပုန်းကွယ်နေသော စွမ်းရည် များကို အောင်မြင်စွာ နှိုးဆွပေးနိုင်ခဲ့ပြီးလျှင် ၎င်းတို့အား သာမန်လူသားဘဝမှ အထူး စွမ်းအားရှင်များအဖြစ်သို့ ကူးပြောင်းနိုင်စေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း လက်ရှိ လက္ခဏာများအရ ဒယ် လိုရက်စ်မှာ အထူးစွမ်းအားရှင် စစ်သည်တော် တစ်ဦးအဖြစ် နိုးထလာဟန်ရှိပြီး ဂျန်းနစ်မှာမူ မန္တန်အသုံးပြုသူ တစ်ဦးအဖြစ် နိုးထလာခဲ့ခြင်း

ဖြစ်ပေသည်။

နောက်ထပ် မိနစ်အနည်းငယ် ကြာသောအခါတွင်မူ ၎င်းတို့၏ ခန္ဓာကိုယ်ပေါ်မှ ထူးခြားသောဖြစ်စဉ်များမှာ တဖြည်းဖြည်း လျော့ပါးသွားခဲ့ပြီးလျှင် ပုံမှန်အခြေအနေသို့ ပြန်လည် ရောက်ရှိသွားတော့သည်။

ရိုနန်သည် လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ကာ ပင်ပန်းနွမ်းနယ်နေသော ဒယ်လိုရက်စ်နှင့် ဂျန်းနစ်တို့ကို ရင်ခွင်ထဲသို့ ထည့်သွင်းကာ ဖက်ထားလိုက်ပြီးလျှင် "ဂုဏ်ယူပါတယ်" ဟု ရယ်မောလျက် ပြောလိုက်လေသည်။

ဤလောကတွင် အစွမ်းထက်သူများကိုသာ အလေးထားကြပေသည်။ ဒယ်လိုရက်စ်နှင့် ဂျန်းနစ်တို့တွင် ရိုနန်၏ အကာအကွယ် ရှိနေသည်မှာ မှန်သော်ငြားလည်း ယင်းတို့မှာ သူ၏ အတောင်ပံအောက်၌သာ အမြဲတစေ

ပုန်းအောင်းနေ၍ မဖြစ်နိုင်ချေ။

မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်းရှိခြင်းမှာ အလွန်တရာ အရေးကြီးလှပေသည်။ တစ်ဖက်တွင်လည်း ရိုနန်သည် တော်ဝင်မိသားစုနှင့် အစိုးရအဖွဲ့တို့ကို ရန်စမိထားသူလည်း ဖြစ်နေပေရာ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း နှစ်ဖက်စလုံး ငြိမ်သက်နေခဲ့ကြသော်လည်း ရိုနန်အနေဖြင့် တစ်စုံတစ်ရာ ပြဿနာကြုံတွေ့ရသည်နှင့် တော်ဝင်မိသားစုနှင့် အစိုးရအဖွဲ့တို့မှာ အသာနေကြလိမ့်မည် မဟုတ်သည်မှာ မြေကြီးလက်ခတ်မလွဲပေ။

အေးချမ်းနေချိန်ဝယ် ဘေးရန်အတွက် ကြိုတင်ပြင်ဆင်ထားခြင်းမှာ ပညာရှိတို့၏ လုပ်ရပ်ပင် ဖြစ်တော့သည်။

***

အခန်း (၁၄၅၄)
သွေးလနက္ခတ် (၉၄)
*

မျှော်စင်ထက်၏ အထက်ဆုံးအလွှာ။

ကျင့်ဆောင်အတွင်း၌ ရှိနန်သည် အနက်ရှိုင်းဆုံးသော အခြေအနေမှ နိုးထလာခဲ့ချေပြီ။

သူသည် မျက်မှန်းတို့ကို ဖွင့်ဟလိုက်ရာ နက်မှောင်သော သူငယ်အိမ်အစုံ၌ နက်နဲသော နတ်ဘုရားအလင်းတန်းတို့ ဝင်းလက်သွားကြ၏။

ထိန်းချုပ်ကန့်သတ်ထားသော သူ၏ စိတ်အာရုံတို့သည်လည်း ချက်ချင်းပင် အရပ်ရပ်သို့ ပျံ့နှံ့သွားပြီး ပတ်ဝန်းကျင်ဒေသ တစ်ခုလုံးကို

လွှမ်းခြုံသွားလေသည်။

လွန်ခဲ့သော တစ်နှစ်ခန့်က ရိုနန်၏ စွမ်းအင်သည် အဆင့်၇၏ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး အဆင့်၈သို့ စတင်တက်လှမ်းနိုင်ခဲ့၏။ သို့သော် ထိုတစ်နှစ်တာအတွင်း၌ သူ၏ စွမ်းအားတိုးတက်မှုမှာ အလွန်ပင် နည်းပါးလှပေသည်။

အဘယ့်ကြောင့်ဆိုသော် အဆင့်၈သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ရိုနန်သည် ဤလောကကြီး၏ ငြင်းပယ်မှုနှင့် ဖိနှိပ်မှုတို့ကို စတင်ခံစားလိုက်ရသောကြောင့် ဖြစ်ချေသည်။

ယခုမူ ဤအရပ်မှ ထွက်ခွာရမည့်အချိန်သို့ ဆိုက်ရောက်လာခဲ့ပြီဖြစ်၏။

သွေးလနက္ခတ်ဘုံတွင် မရေမတွက်နိုင်သော လျှို့ဝှက်ချက်များနှင့် အဆုံးမရှိသော အရင်းအမြစ်များက စောင့်ကြိုနေသော်လည်း ယင်းတို့သည် ရိုနန်အတွက်မူ အရေးတကြီး

ထည့်သွင်းစဉ်းစားရမည့် အရာများ မဟုတ်တော့ပေ။

သူသည် ထိုင်နေရာမှ ထရပ်လိုက်ပြီး ခါတ်လှေကားစင်သို့ လျှောက်လှမ်းကာ ယင်းထက်တွင် မြှုပ်နှံထားသော အင်းကွက်သင်္ကေတကို ဖိနှိပ်လိုက်သည်။

ထိုအခါ စင်မြင့်သည် မျှော်စင်၏ မြေအောက်ခန်းဆီသို့ ချက်ချင်းပင် စတင်သက်ဆင်းသွားလေတော့သည်။

ဤခါတ်လှေကားသည် အဂ္ဂိရတ်ဆိုင်ရာ ဖော်စပ်ရည်ကို အသုံးပြုထားသဖြင့် များစွာသော ပြုပြင်ထိန်းသိမ်းမှု လိုအပ်သည့် ရေနွေးငွေ့အင်ဂျင်များကို အသုံးပြုရန် မလိုတော့ဘဲ ဖြူစင်သောမျှော်စင်၏ အဆင့်မြင့်ဆုံးသော ကိရိယာတစ်ခု ဖြစ်ပေသည်။

ယင်းက မျှော်စင်အထက်အောက် သွားလာရေး

ကို များစွာ အဆင်ပြေချောမွေ့စေခဲ့၏။

မျှော်စင်၏ မြေအောက်ခန်း၌ ရိုနန်သည် ရွှေဒင်္ဂါးပေါင်း သိန်းနှင့်ချီ၍ အကုန်အကျခံကာ ဓာတ်ခွဲခန်းတစ်ခုကို တည်ဆောက်ထားခဲ့သည်။

ထိုနေရာသို့ သူတစ်ဦးတည်းသာ ဝင်ရောက်နိုင်ပြီး ဒယ်လိုရက်စ်နှင့် ဂျန်းနစ်တို့ပင်လျှင် ဝင်ရောက်ခွင့် မရှိကြချေ။ ယင်းမှာ သူတို့၏ ဘေးကင်းလုံခြုံရေးအတွက်ပင် ဖြစ်ပေသည်။

မျှော်စင်ကို တည်ဆောက်ပြီးချိန်မှစ၍ ရိုနန်သည် အချိန်အတော်များများကို ဤဓာတ်ခွဲခန်းအတွင်း၌သာ ကုန်ဆုံးစေခဲ့ပြီး အံ့မခန်းဖွယ်ရာ အဂ္ဂိရတ်ပစ္စည်းများကို တစ်ခုပြီးတစ်ခု ဖန်တီးခဲ့၏။

ယခုအခါ ရိုနန်သည် ကျင့်ကြံသူများအကြားတွင် 'ဒဏ္ဍာရီလာ အဂ္ဂိရတ်ပညာရှင်' ဟူသော ဘွဲ့ထူးကိုပင် ပိုင်ဆိုင်ထားခဲ့ပြီ ဖြစ်သည်။ သူ

သည် ထိုအင်္ဂရိတ်ပစ္စည်းများကို ရောင်းချခြင်းဖြင့် ရရှိလာသော ရွှေဒင်္ဂါးများကို ဖြူစင်သော မျှော်စင်အတွက်ပင် ပြန်လည်ရင်းနှီးမြှုပ်နှံခဲ့၏။

ဓာတ်ခွဲခန်းမှာ အလွန်ကျယ်ဝန်းပြီး အပိုင်း ၅ ပိုင်း ခွဲခြားထားသည်။ ဗဟိုချက်မ၌ ၃ မီတာခန့် မြင့်မားသော ဖန်ပုလင်းကြီးတစ်လုံး ရှိနေပြီး ထို အတွင်း၌ အရည်များဖြင့် ပြည့်နှက်လျက် လူတစ်ဦးမှာ ကွေးကွေးလေး အိပ်မောကျနေ၏။

သေချာစွာ ကြည့်ရှုမည်ဆိုလျှင် ထိုသူ၏ ရုပ်သွင်မှာ ရိုနန်နှင့် တစ်ပုံစံတည်း တူညီနေသည်ကို တွေ့ရမည် ဖြစ်သည်။ ယင်းမှာ ရိုနန် ဖန်တီးထားသော သူ၏ ကိုယ်ပွားပင် ဖြစ်ချေသည်။

ဤကိုယ်ပွားကို ကိုယ်ပိုင်ကိုယ်ပွားအဖြစ် ပြုစုပျိုးထောင်ရန် ရိုနန်သည် သာမန်လူတို့ စိတ်ကူးပင် မယဉ်နိုင်သော အရင်းအမြစ်များကို အသုံးပြုခဲ့ရသည်။

နဂါးနီကြီး ဂရီဂိုရီထံမှ ရရှိခဲ့သော နဂါးသွေး၊ နဂါးအကြေးခွံ၊ နဂါးသွား စသည့် အဖိုးတန် ပစ္စည်း အမြောက်အမြားအပြင် ရွှေဒင်္ဂါး သန်းချီ တန်သော ပစ္စည်းများကိုပါ ထည့်သွင်းအသုံးပြုခဲ့ ရ၏။

ယခုမူ ရိုနန်၏ အဂ္ဂိရတ်ပညာရပ်ဆိုင်ရာ အမြင့်မြတ်ဆုံးသော လက်ရာမွန်ကြီးမှာ ပြီးမြောက်အောင်မြင်ခဲ့ပြီ ဖြစ်သည်။

ဤကိုယ်ပွားသည် နဂါးသွေးမျိုးဆက် ပါဝင်နေသဖြင့် မွေးဖွားလာကတည်းကပင် ပြိုင်ဘက်ကင်းသော ပါရမီကို ပိုင်ဆိုင်ထား၏။ ယင်းက ရိုနန်၏ အဆင့်၈ ဝိညာဉ်စွမ်းအင်ကို သယ်ဆောင်နိုင်ရုံသာမက စစ်မှန်သော မန္တန်ဆရာတစ်ဦး ဖြစ်လာနိုင်ပြီး နဂါးတို့နှင့် ယှဉ်နိုင်သော ခန္ဓာကိုယ်ကြံ့ခိုင်မှုကိုလည်း ရရှိစေမည် ဖြစ်သည်။

သို့သော် ဤကိုယ်ပွား၌ ဝိညာဉ်နှင့် စိတ်အာရုံမှာ မရှိသေးပေ။ ရိုနန်သည် နောက်ဆုံးအဆင့်ကို လုပ်ဆောင်ရန် လိုအပ်နေသေး၏။

အချိန်တန်ပြီဖြစ်ရာ ရိုနန်သည် သူ၏ နတ်ဘုရားဝိညာဉ်ကို စတင်ခွဲထုတ်လေတော့သည်။ ဤသို့ ပြုလုပ်ခြင်းမှာ တတိယအကြိမ်မြောက်ဖြစ်သော်လည်း ခံစားရသော နာကျင်မှုမှာမူ လျော့ပါးသွားခြင်း မရှိဘဲ ပိုမိုပြင်းထန်လာခဲ့၏။

ထိုသို့သော ဝေဒနာများအကြားတွင် ရိုနန်သည် သူ၏ စိတ်အာရုံကို လုံးဝကြည်လင်နေအောင် ထိန်းထားရပေသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ ဝိညာဉ်မှာ ခွဲထုတ်နိုင်သည့် အကန့်အသတ်သို့ ရောက်ရှိနေပြီ ဖြစ်ရာ အမှားအယွင်း အနည်းငယ်မျှ ရှိခဲ့ပါက နောင်အနာဂတ်ရှိတော့မည် မဟုတ်သောကြောင့် ဖြစ်၏။

အချိန်အတော်ကြာပြီးနောက် ရိုနန်သည်

ဝိညာဉ်အစအနတစ်ခုကို အောင်မြင်စွာ ခွဲထုတ်နိုင်ခဲ့ချေပြီ။ သူသည် ဖန်ပုလင်းအတွင်းမှ ကိုယ်ပွားကို နောက်ဆုံးအကြိမ် ကြည့်ရှုပြီးနောက် ဘယ်ဘက်လက်မှ သွေးလနက္ခတ်လက်စွပ်ကို အသက်သွင်းလိုက်သည်။

ချက်ချင်းပင် ကမ္ဘာဦးစွမ်းအင်တို့က ရိုနန်ကို လွှမ်းခြုံသွားပြီး သူ၏ မူလဝိညာဉ်မှာ ခန္ဓာကိုယ်မှ ကွာထွက်သွားကာ အထက်ရှိ ဟင်းလင်းပြင်ဝဲကတော့အတွင်းသို့

ဝင်ရောက်သွားလေတော့သည်။

ထိုခဏ၌ ရိုနန်၏ မူလခန္ဓာကိုယ်မှာ တိတ်ဆိတ်စွာ ပျက်စီးသွားပြီး တောက်ပသော အလင်းလုံးအဖြစ် ပြောင်းလဲကာ ကိုယ်ပွား၏ ဦးနှောက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်သွား၏။

ထိုအခါ ကိုယ်ပွားသည် မျက်လုံးများကို

ရုတ်တရက် ပွင့်ဟလာခဲ့ချေပြီ။

ပြန်လည်မွေးဖွားလာသော ရိုနန်သည် ရှေ့ရှိ ဖန်သားကို လက်သီးဖြင့် ခွဲလိုက်ပြီး မြေပြင်ပေါ် သို့ ဆင်းသက်လာခဲ့သည်။

သူသည် အသက်ကို ပြင်းထန်စွာ ရှူသွင်းလိုက်ရင်း အသာအယာ ပြုံးလိုက်မိ၏။ သူ၏ ဘယ်ဘက်လက်သူကြွယ်ထက်တွင် အနီရောင်မှိန်မှိန် လင်းလက်နေသော လက်စွပ်အသစ်တစ်ခုမှာ အလိုအလျောက် ပေါ်ပေါက်လာခဲ့ချေပြီ။

တစ်ချိန်တည်းမှာပင် မူလကိုယ်ဖြစ်သော ဝမ်ချန်မှာမူ ဟောက်ထျန်းဘုံသို့ ပြန်လည်ရောက်ရှိသွားခဲ့ပြီ ဖြစ်၏။

ကိုးပြည်ထောင် မသေမျိုးမြို့ရှိ မသေမျိုး မဟာမိတ် ဂူသဘော်အတွင်း၌ ဝမ်ချန်၏ စိတ်အာရုံတို့ တဖြည်းဖြည်း နိုးထလာခဲ့သည်။

သူ၏ ဦးခေါင်းအတွင်း၌ မီးလျှံအပ်များဖြင့် အ

ထိုးခံရသကဲ့သို့ နာကျင်မှုကို ခံစားရသော်လည်း သူသည် စိတ်အေးအေးထားကာ ဝိညာဉ် သန္ဓေသားကို တည်ငြိမ်အောင် ပြုလုပ်လိုက်၏။

ဤနေရာ၏ ရင်းနှီးပြီးသားဖြစ်သော ဝိညာဉ် စွမ်းအင်များက ဝမ်ချန်၏ ခန္ဓာကိုယ်အတွင်းသို့ စီးဝင်လာရာ ရေပူစမ်း၌ စိမ်ထားရသကဲ့သို့ နွေး ထွေးမှုကို ပေးစွမ်းပြီး ဝိညာဉ်နာကျင်မှုကို လျော့ပါးစေခဲ့သည်။

ဝမ်ချန်သည် ဝိညာဉ်သန္ဓေသားကို ပြန်လည် တည်ငြိမ်စေရန် မသေမျိုးမဟာမိတ်ဂူ၌ လဝက် ခန့် အချိန်ယူခဲ့ရ၏။ ထို့နောက် သူသည် သွေးလ နက္ခတ်ဘုံမှ ရရှိလာသော စွမ်းအင်များကို အသုံးပြုကာ ဝိညာဉ်သန္ဓေသားအဆင့် (၉) ၏ အထွတ်အထိပ်သို့ တစ်ဟုန်ထိုး တက်လှမ်းလိုက် လေတော့သည်။

ယခုအခါ သူသည် ဝိညာဉ်သန္ဓေသားမှ

ကူးပြောင်းရန်ပင် ကြိုးစားနိုင်ပြီ ဖြစ်သော်လည်း ဝမ်ချန်မှာ စိတ်စောခြင်း မရှိပေ။ ထိုအဆင့်မှာ အလွန်ပင် ခက်ခဲနက်နဲလှသဖြင့် ပြင်ဆင်မှု အပြည့်အစုံ မရှိဘဲ မလုပ်ဆောင်လိုခြင်း ဖြစ်၏။

ထို့နောက် သူသည် နံရံရှိ နတ်ဘုရားခေါင်းလောင်းကို တီးလိုက်ရာ ဂူသဘော်၏ တံခါးများ အလိုအလျောက် ပွင့်ဟသွားလေသည်။ ဝမ်ချန် အပြင်သို့ ထွက်လာသည်နှင့် ရှုမိသားစု၏ ဘိုးဘေး ရှုလျန်ဖုန်မှာ သူ၏ရှေ့သို့ အပြေးအလွှား ရောက်ရှိလာခဲ့၏။

ဝမ်ချန် ဘေးကင်းစွာ ထွက်လာသည်ကို မြင်သောအခါ ရှုလျန်ဖုန်က ဝမ်းသာအားရဖြင့် "မိတ်ဆွေ... အဆင်ပြေရဲ့လား" ဟု မေးမြန်းလေသည်။

ဝမ်ချန်က အသာအယာ ပြုံးလိုက်ရင်း—

"တာဝန် ပြီးမြောက်ခဲ့ပါပြီ" ဟု ပြန်လည်ဖြေကြားလိုက်ရာ ရှုံ့လျှန်ဖုန်မှာ အတိုင်းမသိဝမ်းသာသွားပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတော့သတည်း။

***